# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# နမ့်ခမ်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

## (Village Development Plan)

မူကောင်းကျေးရွာအုပ်စု၊ မူကောင်းကျေးရွာ

၂၀၂၃ခုနှစ်၊ ဇန်နဝါရီ လ၊ ရက်

မာတိကာ


| | | |
|---|---|---|
| | မာတိကာ | ၁ |
| | စကားချီး | ၂ |
| ၁။ | နမ့်ခမ်းမြို့နယ် အခြေပြမြေပုံ | ၄ |
| ၂။ | မူကောင်းကျေးရွာအုပ်စု ၊ မူကောင်းကျေးရွာ အခြေပြမြေပုံ | ၅ |
| ၃။ | နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၅ |
| | (က) ရည်ရွယ်ချက် | ၅ |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၈ |
| ၄။ | ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၈ |
| | (က) တည်နေရာ | |
| | (ခ) သဘာဝအရင်းအမြစ်များ | |
| ၅။ | လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၉ |
| | (က) လူဦးရေဆိုင်ရာ အချက်အလက်များ | |
| | (ခ) ကျား/မ ဆိုင်ရာ ဆက်နွယ်မှု | |
| ၆။ | ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၀ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်မှုကဏ္ဍ | |
| | (ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း | ၁၁ |
| | (ဃ) အခြေခံ အဆောက်အဦး( လက်လှမ်းမှီ ရယူမှု )၊ လမ်း ၊ သတင်းနှင့် ဆက်သွယ်ရေး | |
| | (င) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |

၇။ အပဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၂

၈။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၂

(က) ရည်မှန်းချက်ပန်းတိုင် ၁၃

(ခ) နည်းဗျူဟာ ၁၃

(ဂ) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း ၁၄

၉။ ဦးစားပေးစီမံချက်များ ၁၄

(က) ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်များ ၁၅

(ခ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဓိကဦးစားပေး ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်း လိုအပ်ချက်များ ၁၈

၁၀။ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အချိန်ကာလ ၁၉

(က) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဓိကဦးစားပေးဆောင်ရွက်ရန် စီမံကိန်းလိုအပ်ချက်များ ၁၉

၁၁။ လူထုပူးပေါင်းပါဝင်သောဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် PRA/PSA အကျဉ်းချုပ်ဇယား ၂၀

၁၂။ ကျေးရွာလက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဝေဖန်ဆန်းစစ်နိုင်ရန် အတွက် အောက်ပါအုပ်စုများအား အုပ်စုလိုက်ခွဲ၍ ဆွေးနွေးခြင်း ၂၀

၁၃။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PAR Toolsများနှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ ၂၁

(က) ကျေးရွာအရင်းအမြစ်ပြမြေပုံ (Socila Map)

**လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ခြင်း** ၂၂

(ခ) ရာသီခွင်ပြပြက္ခဒိန်(Seasonal Calendar) ၂၂

(ဂ) ဥစ္စာခနကြွယ်ဝမှုဆန်းစစ်ခြင်း (Wealth Ranking) ၂၃

၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းအားရွေးချယ်ရန်အတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ ၂၅

၁၅။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၇

၁၆။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ ၂၇

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း ၂၇

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၂၈

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် ငွေကြေး ဆိုင်ရာအစီအမံများ ၂၉

၁၇။ စောင့်ကြည့်စစ်ဆေးခြင်နှင့် အကဲဖြတ်ခြင်းဆိုင်ရာ ၂၉

၁၈။ ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအားသုံးသပ်ရန်အထောက်အကူပြုဇယားများ ၃၀

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၃၀

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၃၁

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခ နှုန်းထား ၃၆

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၇

| | | | |
|---|---|---|---|
| ဇယား | ၅ | ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းမြစ်များ | ၃၇ |
| ဇယား | ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၃၉ |
| ဇယား | ၇ | ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ | ၃၉ |
| ဇယား | ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ | ၄၀ |
| ဇယား | ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၄၁ |
| ဇယား | ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၄၃ |
| ဇယား | ၁၁ | ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ | ၄၅ |
| ဇယား | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၆ |
| ဇယား | ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၄၈ |
| ဇယား | ၁၄ | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၄၉ |
| ဇယား | ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၅၀ |
| ဇယား | ၁၆ | ကျေးရွာ၏စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု | ၅၁ |
| ဇယား | ၁၇ | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၅၁ |
| ဇယား | ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၅၂ |
| ဇယား | ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၅၄ |
| ဇယား | ၂၀ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၅ |
| ဇယား | ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၆ |

| | | | |
|---|---|---|---|
| ဇယား | ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၅၈ |
| ဇယား | ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၅၉ |
| ဇယား | ၂၄ | ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၆၀ |
| ဇယား | ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၆၁ |
| ဇယား | ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၆၁ |
| ဇယား | ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၆၂ |
| ဇယား | ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း | ၆၃ |
| ဇယား | ၂၉ | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | ၆၅ |
| ဇယား | ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၆၅ |
| ဇယား | ၃၁ | ကျောင်းတက်နှုန်း | ၆၆ |
| ဇယား | ၃၂ | စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ | ၆၇ |
| ဇယား | ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၆၈ |
| ဇယား | ၃၄ | အဖြစ်များသောရောဂါများ | ၆၉ |
| ဇယား | ၃၅ | လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၆၉ |
| ဇယား | ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၇၀ |
| ဇယား | ၃၇ | သောက်သုံးရေရရှိနိုင်မှု | ၇၁ |
| ဇယား | ၃၈ | အိမ်သာအမျိုးအစား | ၇၂ |

| | | | |
|---|---|---|---|
| ဇယား | ၃၉ | ကျား-မ ရေးရာ | ၇၃ |
| ဇယား | ၄၀ | ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ | ၇၄ |
| ဇယား | ၄၁ | ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ | ၇၅ |
| ဇယား | ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၇၆ |
| ဇယား | ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၇၆ |
| ဇယား | ၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေ | ၇၇ |
| ဇယား | ၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ | ၇၈ |
| ဇယား | ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၇၈ |
| ဇယား | ၄၇ | ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု | ၇၉ |
| ဇယား | ၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | ၈၀ |

၁၉။ နောက်ဆက်တွဲပုံစံ(၁) စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ ၈၁

၂၀။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရေးဆွဲခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်စာရင်းများ ၈၃

၂၁။ ကိုးကားစာရင်းများ ၈၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုဘဏ္ဍာရေးနှစ်အထိ(၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် မူကောင်းကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ပထမဦးစားပေး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

မူကောင်းကျေးရွာလူထုကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ပေ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျေးရွာလူထု ကိုယ်တိုင်တိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိ နိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်လက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းမွန်စွာ နားလည်သိရှိ ခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည်အခက် အခဲများ ၊ ဦးစားပေးရွေးချယ်မှုများ နှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေအပေါ် မူတည်

၍ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ် နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ အစိုးရဌာနများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ**

**မူကောင်းကျေးရွာ**

**နမ့်ခမ်းမြို့**

**၂၀၂၃ခုနှစ်၊** ဇန်နဝါရီ **လ၊**

**ရက်**

# ၁။နမ့်ခမ်းမြို့နယ် အခြေပြမြေပုံ



၂။ မူကောင်းအုပ်စု ၊ **မူကောင်းကျေးရွာ အခြေပြမြေပုံ**




**၃။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

**(က) ရည်ရွယ်ချက်**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့ အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲသည့် အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီး နောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေး ကြီးပုံကို အလေးထားမိလာခဲ့ပါသည်။

မူကောင်းကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ ၊ ဖွံ့ဖြိုး ရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ ၊(၅)နှစ်တာကာလအပြီးတွင် ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းလမ်းများ ၊ စီမံချက်များကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် နည်းလမ်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အအစည်းများ ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ၊ စာပေပညာရှင်များ ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိလာနိုင်ရန် မျှော်လင့်နေပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့် ၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ် ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များ နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့်ကျေးလက် ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တတ်ကျွမ်းသည့် ပညာရှင်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ တိကျသောလိုအပ်ချက်များကို ကျေးရွာလူထု ကိုယ်တိုင်သိရှိလာခြင်းကြောင့် ကျေးရွာလိုအပ်ချက်များကို ၎င်းတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများနှင့် မီဒီယာများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်လက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ် ၊ အာရှဖွံ့ဖြိုးရေးဘဏ်) ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်မည် ဖြစ်ပါသည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ပဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်း ဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါ သည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံး နှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက် ပါမည်။ လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၄) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ**

မူကောင်းကျေးရွာသည် ရှမ်းပြည်နယ် ၊ မူဆယ်ခရိုင် ၊ နမ့်ခမ်းမြို့နယ်တွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် ကောင်းဝိုင်းကျေးရွာ၊ အနောက်ဘက်တွင် နောင်ခန်ကျေးရွာ၊ တောင်ဘက်တွင် မန်စက်ကျေးရွာ၊မြောက်ဘက်တွင် မူဆယ်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

မူကောင်းကျေးရွာသည် နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာများနှင့် ထိစပ်လျှက်ရှိပြီး လယ်မြေဧရိယာအတွင်းရှိပြီး မြေဩဇာကောင်းသည့်နေရာတွင်ရှိခြင်းကြောင့် စိုက်ပျိုးရေး အတွက် အခြေအနေကောင်းများအား သဘာဝကဲ့သို့ ပံ့ပိုးပေးထားသလို အလားတူ နေပါသည်။ ကျေးရွာလူထုအများအားဖြင့် အဓိကစိုက်ပျိုးရေးလုပ်ငန်းကိုသာ အားပြု လုပ်ကိုင် လျှက်ရှိပါသည်။

**(၅) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

မူကောင်းကျေးရွာသည် နမ့်ခမ်းမြို့နယ်ရှိ နမ့်ခမ်းမြို့မှ (၆) မိုင်အကွာတွင်ရှိပြီး မူကောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ လူဦးရေစုစုပေါင်း (၂၂၆)ဦးနှင့် အိမ်ထောင်စုပေါင်း(၅၀)အိမ်ရှိသောကြောင့် တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၅)ဦး နှုန်း နေထိုင်လျှက်ရှိ ပါသည်။

**(ခ) ကျား/မ ဆိုင်ရာ ဆက်နွယ်မှု**

မူကောင်းကျေးရွာ၏ လူမှုရေးအဖွဲ့အစည်းများကို ကြည့်လျှင် ရိုးရာအရ ရွာအတွင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းတိုင်းသည် ကျား/မ ပါဝင်မှုအချိုးအစားတစ်ခုဖြင့် ပါဝင် ဖွဲ့စည်းကြသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာပြင်ပမှ လာရောက်ဖွဲ့စည်းသော အဖွဲ့အစည်း အများစု(ဥပမာ – အမျိုးသမီးရေးရာ ၊ မိခင်နှင့်ကလေးဖွံ့ထောက်ကော်မတီ)မှာ ကျေးရွာ အတွက် အမြဲအားကိုးရပါသည် ဘာသာရေးဆိုင်ရာများတွင် ကျား/မ ခွဲခြားဖွဲ့စည်းမှု များပြားပြီး ပညာရေး ကျန်းမာရေးရာများ (ဥ ပမာ– ကျောင်းကြပ်အဖွဲ့၊ ထုံးကြီးအဖွဲ့ ) စသည်တို့တွင် ကျား/မ တတ်အားသရွေ့ မျှမျှတတ (ကွာခြားချက် ၂ ဦးသာရှိ) ဖွဲ့စည်းထားသည်မှာ မူကောင်းကျေးရွာ၏ ထူးခြားချက်ဖြစ်ပါသည်။ အမျိုးသမီး အများစုသည် ကျေးရွာအစည်းအဝေးပွဲသို့ အလျဉ်းသင့် သလို တက်ရောက်ပြောဆိုနိုင်ကြပါသည်။

## (၆) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

မူကောင်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်အစိုးရနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ ထောက်အကူပြုနိုင်ပါသည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

မူကောင်းကျေးရွာသည် ဖွံ့ဖြိုးရေးကိစ္စရပ်များကို သာမန်အားဖြင့် အုပ်ချုပ်ရေးနှင့် ရပ်မိရပ်ဖအဖွဲ့တို့က တိုင်ပင်ဆုံးဖြတ်လေ့ရှိပြီး တစ်ရွာလုံးက ပူးပေါင်းပါဝင် လေ့ရှိပါသည်။ အုပ်ချုပ်ရေးနှင့် ဆက်စပ်သည့် ရပ်မိရပ်ဖအဖွဲ့၊လူငယ်အဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ ဂေါဗကအဖွဲ့အစည်း၊ချက်ပြုတ်ရေးအဖွဲ့ အဖွဲ့အစည်း အမျိုးအစားစုံလင်စွာ ဖွဲ့စည်းထားရှိပြီး မှတ်တမ်းမှတ်ရာအားကောင်းပါသည်။ ရပ်မိရပ်ဖသည် အကြံပေးဖြစ်ပြီး ဩဇာညောင်းသူများ ဖြစ်ကြပါသည်။ သာရေး၊နာရေးအတွက် အမှန်တကယ်တာဝန် ယူလုပ်ကိုင်သူများမှာ ရိုးရာဓလေ့အရ ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပြီး တစ်ရွာလုံးရှိ လူငယ် ၊ လူလတ် ၊ လူကြီး အားလုံးလိုလို သင့်လျှော်ရာတွင် ပါဝင်ကြပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်မှုကဏ္ဍ

နမ့်ခမ်းမြို့နယ် မူကောင်းကျေးရွာသည် လယ်ယာကဏ္ဍစိုက်ပျိုးရေးလုပ်ငန်း အားဖြင့် ပြောင်း၊စပါးလုပ်ငန်း၊ ကြံစိုက်ပျိုး လုပ်ကိုင်ဆောင်ရွက်လျှက် ရှိပါသည်။ လယ်ယာ အသုံးပြုရန် လိုအပ်သည့် ရေအရင်းအမြစ်များအား နွေရာသီကာလမှ အခက်အခဲ ရှိခြင်းဖြင့် ၎င်းစိုက်ပျိုးထားသည့် လုပ်ငန်းများအတွက် အရည်အသွေး ညံ့လာခြင်းကြောင့် ဖော်ထုတ်ကြပါသည်။ ဖော်ထုတ်ကြရာတွင် လက်ဖက်နှင့်စပါး သည်ကျေးရွာ၏ ပထမဝင်ငွေရ သီးနှံဖြစ်ပြီးအမြတ်ရရှိနိုင်မှု (လတ်)အဆင့်တွင် ရှိပါသည်။

မူကောင်းကျေးရွာသည် လယ်လုပ်ငန်းများသာ အဓိကအားဖြင့် လယ်သမားကြီးများဖြစ်ကာ လယ်ယာသီးနှံထွက်နှုန်းကိုသာ အားထား လုပ်ကိုင်လေ့ရှိကြပြီး လယ်များမှာ များသောအားဖြင့် ရောင်းဝယ်သာသာ ရည်ရွယ်စိုက်ပျိုးကြပါသည်။ ပြင်ပစီးပွားရေး အနေဖြင့် လုပ်ကိုင်နိုင်ခြင်း သာရှိပါသည်။

ကျွဲ ၊ နွား မွေးမြူမှုများ အနည်းငယ်သာရှိပြီး မြေယာအကန့်အသတ်ဖြစ်လာခြင်းနှင့်စည်းလွတ်ဥပဒေကြောင့်တိရိစ္ဆာန်များလွတ်ကျောင်း၍မရတော့ပဲ သတိဖြင့် ထိန်းကျောင်းကြရပါသည်။

## (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

မူကောင်းကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သောအဖွဲ့နှင့် ဆွေးနွေးသိရှိချက်အရ အပ်ချုပ်စက်လုပ်ငန်း အနည်းငယ် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## (ဃ) အခြေခံ အဆောက်အဦး( လက်လှမ်းမှီ ရယူမှု )၊ လမ်း ၊ သတင်းနှင့် ဆက်သွယ်ရေး

မူကောင်းကျေးရွာသည် နမ့်ခမ်းမြို့နယ်တွင်တည်ရှိပြီး မြို့မှရွာဝင်လမ်းထိပ်ထိ (၆)မိုင်ကွာဝေး၍ မြေသားလမ်းများ ဖြစ်ကြပါသည်။ ယင်းသည် အိမ်ထောင်စု (၅၀) စု တည်ရှိပြီး အိမ်ထောင်စုတစ်စုလျှင် ဆက်သွယ်ရန် တယ်လီဖုန်းများမှာ ရာနှုန်းပြည့် အသုံးမပြုနိုင်ကြပါ။

## (င) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

မူကောင်းကျေးရွာသည်သာမန်အားဖြင့်ပဋိပက္ခမရှိပဲငြိမ်းချမ်းပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်များမှာ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဝင်များ၏ ဝင်ထွက် သွားလာနေကြသည့် နေရာဖြစ်သောလည်း အပစ်ခက်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးခြင်းကြောင့် လက်ရှိအချိန်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ဝင်ထွက် သွားလာမှုမရှိတော့ပဲ အေးချမ်းစွာ နေထိုင် လုပ်ကိုင်လျှက်ရှိပါသည်။ ဘာသာ၊ယဉ်ကျေးမှုအားကောင်းနေဆဲဖြစ်သည့် ကျေးရွာ

တစ်ရွာအဖြစ်ရပ်တည်ပြီး ကျေးရွာ၏သဘာဝ အရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်း လုပ်ဆောင်လျှက်ရှိနေပါ သည်။

**(၇) အဟန့်အတားနှင့် စိန်ခေါ်မှုများ**

နမ့်ခမ်းမြို့နယ် မူကောင်းကျေးရွာသည် လက်ရှိအချိန်ထိ သဘာဝ ဘေးအန္တရာယ် ဖြစ်လေ့ရှိသည့် အကြောင်းရင်းများသည် အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အဆင့်မြင့်အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ပေး စေလိုခြင်း

(၂) ကျေးရွာတွင်းလမ်း အဆင်မပြေခြင်း

(၃) လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း လိုအပ်ခြင်း

(၄) စားဝတ်နေရေးခက်ခဲခြင်း

(၅) ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း-

(၆) စိုက်ပျိုးရေး ပညာပေးသင်တန်းများ ဖွင့်လှစ်စေလိုခြင်း

(၇) အားကစားကွင်း လိုအပ်ခြင်း

**(၈) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်း ချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင် အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

**(က) ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေ တိုးတက်ရေး ၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်–

(၁) ကျေးရွာဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှုကဏ္ဍကို ပိုမိုပွင့်လင်းမြင်သာစွာဖြင့် တာဝန် ယူမှုရှိစေရန်

(၂) ကျေးရွာတွင်းလမ်းများကဲ့သို့သော အခြေခံအဆောက်အဦးများအား ပိုမိုခိုင်မာ အားကောင်းစေခြင်းဖြင့် ကျေးရွာလူထုများ လုံခြုံအဆင်ပြေချောမွေ့စွာ နေထိုင် သွားလာစေရန်

(၃) စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်မြင့်မာလာရေး စက်မှုလယ်ယာအတွက် စက်ကိရိ ယာများ ပိုမိုတိုးတက်အသုံးပြုနိုင်စေရန်

(၄) မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို ပိုမိုသိရှိနားလည်လာစေပြီး လူမှုစီးပွားအ ကျိုးသက် ရောက်မှုများ လျော့ကျလာစေရန်

**(ခ) နည်းဗျူဟာ**

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို ဖော်ပြပါ အတိုင်း အကောင်းအထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက် ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည် ပါသည်။

ကျေးရွာအတွင်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အုပ်ချုပ်ရေး ၊ ဖွဲ့စည်းထားရှိပြီးသော ကျေးရွာဖွံ့ဖြိုးရေး ကော်မတီတို့က သက်ဆိုင်ရာ ဌာနများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီ အနေဖြင့်

ကျေးရွာအတွင်းရှိ သက်ဆိုင်ရာကျေးရွာအခြေပြု အဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်နိုင်မည့် အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲခြင်း ၊ ကြီးကြပ် အကောင်အထည်ဖော်ခြင်း ၊ ကျေးရွာလူထုသို့ စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက် တိုးတက် လုပ်ကိုင်မည် ဖြစ်ပါသည်။

## (ဂ) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေး ဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင် ရန်အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့် ပါသည်။

## (ဃ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့် သတ်မှတ်ခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့ စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများ နှင့် အခြား သော အေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်း များမှာအောက်ပါအတိုင်းဖြစ်ပါသည်–

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ရေးဆွဲခြင်း

## ဖွံ့ဖြိုးရေးကွင်းဆက်၏ အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | အပ်ချုပ်စက် | စီးပွားရေး အဆင်မပြေခြင်း | | ဖွံ့ဖြိုးမှု နှောင်းနှေးခြင်း | သက်ဆိုင်ရာဌာန နှင့်ပူးပေါင်းဆောင် ရွက်နိုင်ခြင်း | အဆင့်မြှင့်အပ်ချုပ် စက်သင်တန်း ဖွင့်လှစ် စေလိုခြင်း |
| ၂ | မီး | လျှပ်စစ်မီး မရရှိခြင်း | | ဖွံ့ဖြိုးရေး နှောင်းနှေးခြင်း | သက်ဆိုင်ရာဌာန နှင့်ပူးပေါင်းဆောင် ရွက်နိုင်ခြင်း | လျှပ်စစ်မီးသွယ်တန်း ခြင်း လုပ်ငန်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | ဆေးပေးခန်း | သွားလာရန် ခက်ခဲခြင်း | | ကျန်းမာရေး အတွက် အဆင်မပြေခြင်း | သက်ဆိုင်ရာဌာန နှင့်ပူးပေါင်းဆောင် ရွက်နိုင်ခြင်း | ဆေးပေးခန်း တည်ဆောက်ခြင်း လုပ်ငန်း |
| ၄ | စားဝတ်နေရေး အဆင်မပြေခြင် း | အလုပ်အကိုင် အဆင်မပြေခြင်း | | ကုန်ဈေးနှုန်း တက်ခြင်း | သက်ဆိုင်ရာဌာန နှင့်ပူးပေါင်းဆောင် ရွက်နိုင်ခြင်း | စားဝတ်နေရေး အဆင် ပြေစေရန် ထောက်ပံ့ စေလိုခြင်း |
| ၅ | လမ်း | မိုးတွင်းအခါတွင် သွားလာရန် ခက်ခဲခြင်း | | ငွေကြေး ပြေလည်မှု မရှိခြင်း | သက်ဆိုင်ရာဌာန နှင့်ပူးပေါင်းဆောင် ရွက်နိုင်ခြင်း | ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်း ခြင်းလုပ်ငန်း |
| ၆ | စိုက်ပျိုးရေး လုပ်ငန်းများ | မြေနေရာ/မြေဩဇာ မကောင်းခြင်း | | အလုပ်အကိုင် ခက်ခဲခြင်း | | စိုက်ပျိုးရေးလုပ်ငန်း အတွက် အသိပညာ ပေးစေလိုခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | အားကစား ကွင်းမရှိခြင်း | ကျန်းမာရေးအတွက် ကောင်းမွန်အောင် | လူငယ်များ စည်းလုံး ညီညွတ်စေခြင်း | အားကစား ပစ္စည်းမစုံလင်ခြ င်း | ထောက်ပံ့ကူညီရန် လိုအပ် | ဘောလုံးကွင်း ပြုပြင် ခြင်း လုပ်ငန်း |

## (၂)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဓိကဦးစားပေးဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်း လိုအပ်ချက်များ

| စဉ် | စီမံချက် | အဖွဲ့(၁) | အဖွဲ့(၂) | အဖွဲ့(၃) | အဖွဲ့(၄) | အဖွဲ့(၅) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၄ | ၄ | ၄ | ၄ | ၄ | ၂၀ | (၁) |
| ၂ | ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း | ၄ | ၄ | ၄ | ၃ | ၄ | ၁၉ | (၂) |
| ၃ | လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း | ၄ | ၅ | ၃ | ၃ | ၃ | ၁၈ | (၃) |
| ၄ | အဆင့်မြှင့်အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်စေလိုခြင်း | ၃ | ၃ | ၅ | ၃ | ၃ | ၁၇ | (၄) |
| ၅ | အားကစားကွင်းတည်ဆောက်ခြင်းလုပ်ငန်း | ၄ | ၃ | ၄ | ၃ | ၃ | ၁၇ | (၅) |

**(၁၀) အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အချိန်ကာလ**

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဓိက ဦးစားပေး ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်း လိုအပ်ချက်များ**

မူကောင်းကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျေးရွာလူထုများ၏ အဓိက လိုအပ်ချက်ရှိသည့် အခြေအခံအဆောက်အဦးပိုင်းဆိုင်ရာများအား ဦးစားပေးဆောင်ရွက်ရန် ဆွေးနွေးကြပြီး အစိုးရထောက်ပံ့ငွေ ၊ ပြည်တွင်းပြည်ပ အလှူရှင်များ နှင့် ကျေးရွာထည့် ဝင်ငွေများ ပူးပေါင်းကာ အဓိက ဦးစားပေးဆောင်ရွက်ရန် (၅) နှစ်စီမံကိန်းလုပ်ငန်းများအား အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း

(၂) ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း

(၃) လျှပ်စစ်မီးသွယ်တန်းခြင်လုပ်ငန်း

(၄) အဆင့်မြှင့်အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ခြင်း

(၅) အားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်း

**(၁၁)လူထုပူးပေါင်းပါဝင်သောဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် PRA/PSA အကျဉ်းချုပ်ဇယား**

| စဉ် | အသုံးပြုခဲ့သော PRA Tools များ |
|---|---|
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ ( Social Map) |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calandar) |
| ၃ | ဥစ္စာနေကြွယ်ဝမှု ဆန်းစစ်ခြင်း ( Wealth Ranking) |
| | |

**(၁၂) ကျေးရွာလက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုဝေဖန်ဆန်းစစ်နိုင်ရန်အတွက် အောက်ပါအုပ်စုများအားအုပ်စုလိုက်ခွဲ၍ ဆွေးနွေးခြင်း**

| စဉ် | အုပ်စုလိုက်ဆွေးနွေးခြင်း( Focus Group Discussion) |
|---|---|
| ၁ | ရပ်မိ/ရပ်ဖ အဖွဲ့ |
| ၂ | တောင်သူအဖွဲ့ |
| ၃ | စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သောအဖွဲ့ |
| ၄ | အမျိုးသမီးအဖွဲ့ |
| ၅ | လူငယ်အဖွဲ့ |
| ၆ | ရွာလုံးကျွတ် အမျိုးသား/ အမျိုးသမီး သီးသန့်အဖွဲ့ |

## (၁၃) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PAR Tools များနှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

### (က) ကျေးရွာအရင်းအမြစ်ပြမြေပုံ(Socila Map)



## လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ခြင်း

### (ခ)ရာသီခွင်ပြပြက္ခဒိန်(Seasonal Calandar)



▪

### မူကောင်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန် သုံးသပ်ခြင်း

- မူကောင်းကျေးရွာသည် ပူအိုက်သည့်ရာသီအတွက် တပေါင်းလ၊တန်ခူးလ၊ ကဆုန်လ နှင့် နယုန်လ တို့ဖြစ်ပါသည်။မိုးရွာသည့် ရာသီကာလသည် ဝါဆိုလ၊ဝါခေါင်လနှင့် တော်သလင်းလနှင့်သီတင်းကျွတ်လ တို့ဖြစ်ပါသည်။နှင်းကျသည့် ရာသီကာလသည် တန်ဆောင်မုန်းလ၊နတ်တော်လ၊ ပြာသိုလနှင့် တပို့တွဲလတို့ဖြစ်ပါသည်။
- စိုက်ပျိုးရေးကာလသည် တန်ခူးလ၊နယုန်လတ်ပါင်းလနှင့် ပြာသိုလ တို့ဖြစ်ကြပါသည်။
- စီပွာရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းသည် တပေါင်းလ၊တော်သလင်းလ၊သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့များ ငွေများများဝင်ပြီး ကျန်လများမှာ ဝင်ငွေအသင့်တင့်ရရှိသည့် ရာသီကာလသည် တို့ဖြစ်ပါ သည်။

- ကျေးရွာအတွက် လက်ရှိသောက်သုံးရေကိုတပေါင်းလ၊တန်ခူးလ၊ကဆုန်လနှင့်နယုန်လ တို့မှာ ရေခက်ခဲမှု ရှိနေသည်။
- ပွဲတော် ကျင်းပလေ့ရှိသည့်ကာလသည် တပို့တွဲလ၊တပေါင်းလ၊တန်ခူးလ၊ကဆုန်လ၊ သီတင်းကျွတ်လ နှင့် တန်ဆောင်မုန်းလ တို့ဖြစ်ပါသည်။

**(၈)ဥ စ္စာခနေကြွယ်ဝမှုဆန်းစစ်ခြင်း( Wealth Ranking)**

**မူကောင်းကျေးရွာကြွယ်ဝမှုအခြေအနေအားသုံးသပ်ခြင်း**

- 

ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း မူကောင်း ကျေးရွာ

| စဉ် | အကြောင်းအရာ | အဆင်ပြေ | အလယ်အလတ် | အဆင်မပြေ | အလွန်အဆင်မပြေ |
|---|---|---|---|---|---|
| ၁ | မြေယာပိုင်ဆိုင်မှု | | | ✓ | |
| ၂ | အိမ်အခြေအနေ | | | ✓ | |
| ၃ | ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | | | ✓ | |
| ၄ | အဓိကစီးပွားရေးလုပ်ငန်း | | | | ✓ |
| ၅ | အိမ်ထောင်စု | ၁ | ၂၆ | ၁၉ | ၄ |

- မူကောင်းကျေးရွာသည် အိမ်ခြေအားဖြင့် (၅၀)အိမ်ရှိပါသည်။
- ကျေးရွာတွင်းရှိ အချို့အိမ်များသည် ထရံနှင့် သွပ်မိုးအိမ်များဖြစ်သည့်အတွက် မိုးရာသီ ကာလတွင် ရေစိမ့်ဝင်မှုကြောင့် အခက်အခဲ ရှိပါသည်။
- ကိုယ်ပိုင်မော်တော်ယဉ်၊ထော်လာဂျီနှင့် လယ်ယာသုံးစက်ပစ္စည်းများအား စိုက်ပျိုးရေး အတွက် အသုံးပြုနိုင်ရန် ပိုင်ဆိုင်မှုအတင့်သင့်ရှိထားပါသည်။
- မူကောင်းကျေးရွာသည် ကျေးရွာလူထုများ၏ အဓိကလုပ်ငန်းများသည် ပြောင်းဖူးနှင့် စပါး စိုက်ပျိုးဖြစ်ကြပါသည်။ ထွက်ရှိလာသည့် စိုက်ပျိုးရေး ထွက်ကုန်များကို တရုတ်နိုင်ငံဘက်သို့ သယ်ပို့ ရောင်းချလျှက်ရှိပါသည်။ ပညာရေး တက်မြောက်မှုနှင့်

မြန်မာဘာသာစကား ကျွမ်းကျင်မှုတွင် အတင့်သင့်ရှိ၍ အိမ်ထောင်စုတိုင်းသည် လူမှုရေးကဏ္ဍနယ်ပယ် တွင် အဆင်ပြေမှု ရှိပါသည်။

- (၁၄) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းအားရွေးချယ်ရန်အတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ









## (၁၅) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှတ်တကယ်လိုအပ်သော ဘက်ဂျတ်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင် မှုပေးသည့်လုပ်ငန်းများထံမှ ဘက်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်လျှက် ရှိပါသည်။

## (၁၆) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ် များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင် အကောင် အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်သာ တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိ ရောက်ဆုံး အကောင်အထည်ဖော်ရေးမှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကတာဝန်ယူဆောင်ရွက်လျှက် ရှိပါသည်။ အဖွဲ့အစည်းအသီးသီး ၊ ကော်မတီ အသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင် သွားပါ့မည်။

### (ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များ ကိုလည်းရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော

အကူအညီများရယူဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာနည်းပညာ ပံ့ပိုးပေးမည့် ဌာနများကို ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါ ခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရှိရပါသည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက် ဖော်ပြပါအဖွဲ့အစည်းများမှာ ပါဝင်မည်ဖြစ်သည်ကို သိရှိထားပါသည်။

- ဆောက်လုပ်ရေး ၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး ၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာ ပိုင်းဆိုင်ရာနှင့် စီမံ ခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ၊ လူထုအခြေပြု အဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော စီမံကိန်းလုပ်ငန်းကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံးလွှမ်း ခြုံကြီးကြပ်ရန်အတွက် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန် ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အတွက် ငွေကြေး ဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ ရေး အစီအစဉ်များအတွက် လုပ်ငန်းစီမံကိန်းများအား ပြုပြင်ထိန်းသိမ်းနိုင်ရန် ငွေကြေ ဆိုင်ရာ ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိအချိန်အားတွင် ပြုပြင်စရိတ် အတွက် ကောက်ခံသွားရန် ကော်မတီဝင်များအနေဖြင့် ကျေးရွာလူထုတို့နှင့် တွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်ပါသည်။

**(၁၇) စောင့်ကြည့်စစ်ဆေးခြင့်နှင့် အကဲဖြတ်ခြင်းဆိုင်ရာ**

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင် အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်လျှက်ရှိသည်ကို တွေ့ရှိပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု ၊ ငွေကြေးပိုင်း ဆိုင်ရာတိုးတက်မှုနှင့် ကျား/မရေးရာတန်းတူ ပါဝင်မှုတို့ဖြင့် စောင့်ကြည့်စစ်ဆေးလျှက်ရှိပါသည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး ၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍ အလိုက် စစ်ဆေးသုံးသပ်လျှက်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၄ | ၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၁၀ | ၂၁ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၃ | ၁၉ | ၃၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၄ | ၁၆ | ၃၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၃ | ၄၅ | ၁၂၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄ | ၆ | ၁၀ | | |
| စုစုပေါင်း | | ၁၂၆ | ၁၀၀ | ၂၂၆ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၅၀ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များ ကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ မူကောင်းကျေးရွာအနေဖြင့် (၁)နှစ်အောက်ကလေး စုစုပေါင်း(၅)ဦး၊ ၁နှစ်မှ၄နှစ်အထိ စုစုပေါင်း(၂၁)ဦး၊၅နှစ်မှ၉နှစ်အထိ စုစုပေါင်း (၃၂)ဦး၊ ၁၀နှစ်မှ၁၄နှစ်အထိ (၃၀)ဦး၊ ၁၅နှစ်မှ၆၄နှစ် (၂၁၃)ဦးနှင့် ၆၅နှစ်အထက် စုစုပေါင်း(၁၀)ဦး ရှိပါသည်။ အိမ်ထောင်စု (၅၀)စု ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ခ)　အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရေးချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၀ | ၅၀ | ၆ | | ၆ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၄၀ | ၁၀ | | ၆ | ၉ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြထားသော စာလုံးများကိုကြည့်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
